# Indorama Ventures
# အများပိုင် ကုမ္ပဏီ လီမိတက်

## HIV-AIDS မူဝါဒ

*(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၀၈ ရက်နေ့တွင် ပြုလုပ်ခဲ့သော*
*ဒါရိုက်တာများဘုတ်အဖွဲ့ အစည်းအဝေး အမှတ် ၄/၂၀၁၃ အတည်ပြုချက်အရ)*

မှတ်ချက်
ဤမူဝါဒတွင် ပါဝင်သော အကြောင်းအရာများသည် ပြည်နယ်အတွင်း တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပြဋ္ဌာန်းမှုများရှိပါက အဆိုပါတည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသာ အတည်ဖြစ်သည်။

# လုပ်ငန်းခွင်တွင်း HIV-AIDS နှင့်ပက်သက်သော မူဝါဒ

Indorama Ventures (IVL) သည် HIV/AIDS မှာကမ္ဘာနှင့်အဝှန်း ကျယ်ပြန့်စွာ ကူးစက်ပြန့်နှံ့နေကြောင်း သိထားသည်နှင့် အညီ HIV/AIDS နှင့်မလွတ်ကင်းသော မည်သည့်အလုပ်သမားကိုမဆို ကောင်းစွာ အသိအမှတ်ပြု စီမံခန့်ခွဲရမည်ဟု ယုံကြည်ပါသည်။ HIV/AIDS နှင့်ပက်သက်နေသောသူများကို ကြင်နာစိတ်ဖြင့်ဆက်ဆံခြင်း၊ ခွဲခြားမှုမရှိခြင်း၊ အသိပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကျန်းမာရေး အကူအညီပေးခြင်း စသည့် မူဝါဒများ၊ အစီအစဉ်များ ဖော်ထုတ်အကောင်အထည်ဖော်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေပါသည်။

အချို့သော အစီအစဉ်များသည် ဒေသတွင်း အခြေအနေများကိုသာ ကိုက်ညီရန် သတ်မှတ်ထားကြောင်း သိထားပြီး ကျွန်ုပ်တို့၏ HIV/AIDS မူဝါဒသည် ကုမ္ပဏီမှ ခန့်အပ်ထားသော လုပ်သားများအားလုံးအပေါ် သက်ရောက်မှုရှိပါသည်။

## လျို့ဝှက်ခြင်းနှင့် ဖွင့်ချပြခြင်း

HIV နှင့် AIDS ကိုသက်ဆိုင်ရာ ဥပဒေများ၊ ကုမ္ပဏီ မူဝါဒများနှင့်အညီဆေးဘက်ဆိုင်ရာ အခြေအနေများအဖြစ် သိုသိုသိပ်သိပ် သဘောထား ဆက်ဆံပေးပါသည်။

## ခွဲခြားဆက်ဆံမှုမရှိခြင်း

IVL ၏လက်ရှိတစ်ကမ္ဘာလုံးဆိုင်ရာ ခွဲခြားဆက်ဆံမှုမရှိခြင်း မူဝါဒအရ၊ ကျွန်ုပ်တို့၏ အလုပ်သမားများအတွက် နှောင့်ယှက်မှုနှင့် ခွဲခြားဆက်ဆံမှုမရှိသော လုပ်ငန်းခွင်ကို စီစဉ်ပေးပါမည်။ ကုမ္ပဏီသည် HIV သို့မဟုတ် AIDS ရှိနေသော၊ ရှိသည်ဟုယူဆရသော၊ လွှမ်းမိုးမှုခံစားနေရသော လုပ်ဖော်ကိုင်ဖက်များကို ခွဲခြားဆက်ဆံမှုအလျဉ်း မရှိသလိုနောင်လည်း ခွဲခြားဆက်ဆံမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် အလုပ်သမားများ၏ မူဝါဒများနှင့် ခံစားခွင့်များ "ကျန်းမာရေးနှင့်အသက်အာမခံ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးမှုနှင့် မသန်စွမ်းဖြစ်စဉ်ခံစားခွင့်နှင့် ပျက်ကွက်ခွင့်" စသည်တို့တွင် အခြားသော နာမကျန်းဖြစ်ခြင်းများနှင့်တန်းတူ သဘောထားဆက်ဆံပါသည်။ ကုန်ပစ္စည်းပံ့ပိုးသူများနှင့် ဖောက်သည်များအနေဖြင့်လည်း ခွဲခြားဆက်ဆံမှုမရှိသည့် အလေ့အထကို တန်းတူအကောင်အထည်ဖော်နိုင်ရေးကို ကျွန်ုပ်တို့အနေဖြင့် ဆွဲဆောင်ရန် ကြိုးစားနေပါသည်။

အလုပ်သမားများနှင့် လက်ခွဲစာချုပ် ချုပ်ဆိုထားသူများအားလုံးသည် ခွဲခြားဆက်ဆံမှုမရှိခြင်း မူဝါဒကို လိုက်နာရမည်။ နှောင့်ယှက်ခြင်းနှင့် ခွဲခြားဆက်ဆံမှုလုပ်ရပ် ပြုလုပ်သူမည်သူမဆို စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူမည်ဖြစ်ပြီး အလုပ်မှရပ်ဆိုင်းသည်အထိအရေးယူသွားပါမည်။

## စစ်ဆေးခြင်း

IVL သည် သင်ကြားရေးနှင့် အသိပေးအစီအစဉ်များတစ်စိတ်တစ်ပိုင်းအနေဖြင့် အချိန်မှန်၊ သိုသိုသိပ်သိပ်၊ လိုလိုလားလား စစ်ဆေးခြင်းနှင့် တိုင်ပင်ဆွေးနွေးမှုပြုလုပ်ခြင်းများကို အားပေးပါသည်။ လိုအပ်သော ထောက်ပံ့မှုနှင့် ဖေးမမှုများပေးနိုင်ရန်အလို့ငှာ IVL အလုပ်သမားများ၏ ရှင်းလင်းပြတ်သားသော သတင်းပေးမှု၊ ပါဝင်လိုမှုမရှိပဲ HIV စစ်ဆေးခြင်းကို အတင်းအကြပ်လုပ်ရန်မလိုပါ။ လူသစ်ခေါ်ယူခြင်းနှင့် ရွေးချယ်ခြင်း လုပ်ငန်းများတွင် HIV စစ်ဆေးခြင်း မပါဝင်ပါ။

## သင်ကြားပေးခြင်းနှင့် အသိပေးခြင်း

ကုမ္ပဏီသည် အလုပ်သမားများ၏ တစ်ကိုယ်ရည်ကျန်းမာရေးနှင့် စိတ်ချလုံခြုံမှုကို ကာကွယ်ပေးနိုင်သော လုပ်ငန်းခွင်တစ်ခု ဖန်တီးပေးရန် ကတိသစ္စာပြုပါသည်။ HIV/ AIDS သည် သာမန်နေ့စဉ်ထိစပ်မှုမှ မကူးစက်နိုင်ကြောင်း နားလည်ထားပါသည်။ HIV ကူးစက်ပုံနှင့် AIDS အကြောင်းသိထားသော ဝန်ထမ်းများသည် လုပ်ဖော်ကိုင်ဖက်များ၏ နာမကျန်းမှုအပေါ် မကောင်းမြင်သောတုံ့ပြန်မှု၊ မလိုလားအပ်သော တုံ့ပြန်မှုများ လျော့နည်းသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီမှ ထောက်ပံ့ပေးသော သင်ကြားမှုနှင့် အသိပေး အစီအစဉ်များသည် HIV/AIDS ကူးစက်ခံနေရသော ဝန်ထမ်းများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။ ထိုအစီအစဉ်များသည် ၄င်းဝန်ထမ်းတို့၏ ဘဝကို အဆင်ပြေချောမွေ့စေပြီး စွမ်းဆောင်ရည်ကို ထိန်းသိမ်းရာတွင် ကူညီပေးပါသည်။ ကုမ္ပဏီသည် ကာကွယ်ရေးကို အာရုံစိုက်သော သင်ကြားရေးနှင့် အသိပေးခြင်းကို ပေါင်းစည်းထားသည့် အစီအစဉ်များကို တိုက်ရိုက်ဖြစ်စေ၊ အခြားဝန်ဆောင်မှုပေးသော အဖွဲ့များနှင့်ဖြစ်စေ ထောက်ပံ့ပေးသွားပါမည်။ အဆိုပါ အစီအစဉ်များမှာ-

- ကုမ္ပဏီ၏ လုပ်ငန်းခွင်တွင်း HIV/AIDS မူဝါဒနှင့် လုပ်ငန်းခွင်တွင် လိုက်နာမှုရှိစေရန်၊ သင့်တော်သော အစီအစဉ်များနှင့် အကျိုးရှိမည့်အရာများကို ဝန်ထမ်းများအား ပြောပြနိုင်ရန် စီမံခန့်ခွဲသူများနှင့် လုပ်ငန်းကြီးကြပ်သူများကို သင်တန်းပေးခြင်း
- ဆေးပညာအရမှန်ကန်တိကျသော သင့်တော်သော HIV / AIDS ကာကွယ်ခြင်းနှင့်ကုသခြင်း၊ လိင်ဆက်ဆံမှုကို ရှောင်ရှားခြင်း၊ တစ်ဦးတစ်ယောက်တည်းကို သစ္စာရှိရှိ ပေါင်းဖက်ခြင်းနှင့် ကွန်ဒုံးအသုံးပြုခြင်း စသည်တို့ ပါဝင်သော အကျိုးရှိသည့် အစီအစဉ်များ သတင်းအချက်အလက်များ ရယူခွင့်
- လုံခြုံစိတ်ချရသော လိင်ဆက်ဆံမှု အသိပညာများနှင့် လူသုံးကုန်များလွဲမှားစွာအသုံးပြုခြင်း အသိပညာများပါဝင်သော တစ်ကိုယ်ရည်ကျန်းမာရေး မြှင့်တင်ရေး